# ၂၀၁၉/၂၀၂၀ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အထူးကုန်စည်ခွန်ကြေညာလွှာ

**(အခွန်ကြေညာလွှာကို မှန်ကန်ပြည့်စုံစွာဖြည့်စွက်နိုင်ရန် ညွှန်ကြားချက်ကို ဖတ်ရှုပေးပါ။)**

**(၁၀ ဇန်နဝါရီ ၂၀၂၀၊ ၁၀ ဧပြီ ၂၀၂၀၊ ၁၀ ဇူလိုင် ၂၀၂၀ နှင့် ၁၀ အောက်တိုဘာ၂၀၂၀ နေ့အတွင်း တင်သွင်းရမည့် အထူးကုန်စည်ခွန် ကြေညာလွှာများ အတွက်)**

| | | | |
|---|---|---|---|
| ပေးပို့သည့် သုံးလပတ်အခွန်ကာလ | (ရက်/လ/၂၀--)________________________________ | | |
| အခွန်ထမ်း၏ ကိုယ်ရေးအချက်အလက် | **က။ အခွန်ထမ်းအမျိုးအစား :** သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ ► ☐ တစ်ဦးချင်းပုဂ္ဂိုလ် ☐ ပုဂ္ဂိုလ်စု ☐ ကုမ္ပဏီ<br>☐ အခြေခံသမဝါယမအသင်း (Primary Co-operative)<br>☐ အခြားသမဝါယမအသင်း (Non-primary Cooperative)<br>☐ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း<br>**ခ။ နေထိုင်မှု :** သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ ► ☐ မြန်မာနိုင်ငံသား ☐ ပြည်ပနေနိုင်ငံသား<br>☐ ပြည်ပနေနိုင်ငံခြားသား ☐ ပြည်တွင်းနေနိုင်ငံခြားသား<br>**ဂ။ နိုင်ငံအမည် (အခွန်နှစ်ထပ်မကျသင့်စေရေးစာချုပ်ဝင် နိုင်ငံဖြစ်ပါက) ►** ________________<br>**ဃ။ သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ :** ☐ ပြည်တွင်းအခွန်များဦးစီးဌာနထံသို့တင်သွင်းသည့် ကနဦးကြေညာလွှာ<br>☐ အောက်ဖော်ပြပါ သုံးလပတ်ကာလအတွက် ကြေညာလွှာကို ပြင်ဆင်သည့် ကြေညာလွှာ<br>☐ ၃၁ ဒီဇင်ဘာလ ၂၀၁၉ ☐ ၃၁ မတ်လ ၂၀၂၀<br>☐ ၃၁ ဇွန်လ ၂၀၂၀ ☐ ၃၀ စက်တင်ဘာလ ၂၀၂၀<br>☐ ပြည်တွင်းအခွန်များဦးစီးဌာနထံသို့တင်သွင်းသည့် အပြီးသတ်ကြေညာလွှာ<br>☐ လိပ်စာပြောင်းခြင်း | | |
| အမည် | | အခွန်ထမ်းမှတ်ပုံတင်အမှတ် | |
| ဇနီး(သို့)ခင်ပွန်းအမည် အပြည့်အစုံ (အိမ်ထောင်ရှိပါက) | | အခွန်ထမ်းမှတ်ပုံတင်အမှတ် | |
| စာပို့လိပ်စာ (စာပို့သင်္ကေတဖော်ပြပါ) | | | |
| နေရပ်လိပ်စာ | | | |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | | အီးမေးလိပ်စာ | |
| အကောက်ခွန် IE Code | | Industry Code<br>လုပ်ငန်းအမျိုးအစားကုဒ်နံပါတ် | |

**မှတ်ချက်။ ထုတ်လုပ်သည့် အထူးကုန်စည် သို့မဟုတ် ရောင်းချသည့်ကုန်စည်များ၏ အမျိုးအမည်များကို သီးခြားပူးတွဲစာဖြင့် ဖော်ပြပါ။ ကုန်စည်ရောင်းရငွေနှင့် ရငွေများသည် ကျပ်ငွေဖြင့် ရသည်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့် ရသည်ဖြစ်စေ၊ ငွေအမျိုးအစားအားလုံးကို ကျပ်ငွေဖြင့်ပြပါ။ နိုင်ငံခြားငွေမှ မြန်မာကျပ်ငွေသို့ လဲလှယ်ရာတွင် ငွေလဲလှယ်နှုန်းကို ပူးတွဲ ဖော်ပြပါ။**

| **အပိုင်း က**<br>**ကုန်စည်ထုတ်လုပ်ခြင်း/ ရောင်းချခြင်းအပေါ် ထမ်းဆောင်ရမည့် အသားတင်အထူးကုန်စည်ခွန်** | | **(က)**<br>**အရေအတွက် (သို့မဟုတ်) အရောင်း ပမာဏ** | **(ခ)**<br>**ဈေးကွက်ပေါက်ဈေး တန်ဖိုးအဆင့်** | **(ဂ)**<br>**အခွန်နှုန်း** | **(ဃ)**<br>**ကျသင့်ခွန်**<br>**ဒေါင်လိုက်အကွက် (က) x ဒေါင်လိုက်အကွက် (ဂ)** |
|---|---|---|---|---|---|
| ၁ | (က)စီးကရက်အမျိုးမျိုး | | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ကျပ် ၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၈ ကျပ် | |
| ၂ | (ခ) စီးကရက်အမျိုးမျိုး | | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၆၀၁ ကျပ်မှ ကျပ် ၈၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၁၇ ကျပ် | |

| | | | | | |
|---|---|---|---|---|---|
| ၃ | (ဂ) စီးကရက်အမျိုးမျိုး | | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၈၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၂၂ ကျပ် | |
| ၄ | (ဃ)စီးကရက်အမျိုးမျိုး | | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၁၀၀၁ ကျပ်နှင့်အထက် အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၂၅ ကျပ် | |
| ၅ | ဆေးရွက်ကြီး | | | ၆၀% | |
| ၆ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | | ၆၀% | |
| ၇ | ဆေးပေါ့လိပ် | | | တစ်လိပ်လျှင် ၇၅ ပြား | |
| ၈ | ဆေးပြင်းလိပ် | | | ၈၀% | |
| ၉ | ဆေးတံသောက်ဆေးများ | | | ၈၀% | |
| ၁၀ | ကွမ်းစားဆေးအမျိုးမျိုး | | | ၈၀% | |
| ၁၁ | (က)အရက်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၂၀၀ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် အထိ | တစ်လီတာ ၁၇၀ ကျပ် | |
| ၁၂ | (ခ) အရက်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် အထိ | တစ်လီတာ ၄၂၄ ကျပ် | |
| ၁၃ | (ဂ) အရက်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၀၇ ကျပ် | |
| ၁၄ | (ဃ)အရက်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၉၉၀ ကျပ် | |
| ၁၅ | (င) အရက်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၄၀၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၇၃ ကျပ် | |
| ၁၆ | (စ) အရက်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၅၅၅ ကျပ် | |
| ၁၇ | (ဆ)အရက်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၈၃၈ ကျပ် | |
| ၁၈ | (ဇ) အရက်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၇၀၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၂၁ ကျပ် | |
| ၁၉ | (ဈ) အရက်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၀၄ ကျပ် | |
| ၂၀ | (ည)အရက်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၈၆ ကျပ် | |
| ၂၁ | (ဋ) အရက်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ်မှ ကျပ် ၁၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၉၆၉ ကျပ် | |
| ၂၂ | (ဌ) အရက်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၁၁၀၀၁ ကျပ်မှ ကျပ် ၁၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၂ ကျပ် | |
| ၂၃ | (ဍ) အရက်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၁၂၀၀၁ ကျပ်မှ ကျပ် ၁၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၅၃၅ ကျပ် | |
| ၂၄ | (ဎ) အရက်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၁၃၀၀၁ ကျပ်မှ ကျပ် ၁၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၈၁၇ ကျပ် | |
| ၂၅ | (ဏ)အရက်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၁၄၀၀၁ ကျပ်မှ ကျပ် ၁၅၀၀၀ နှင့်အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၁၀၀ ကျပ် | |
| ၂၆ | (တ)အရက်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၁၅၀၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာတန်ဖိုး၏ ၆၀% | |
| ၂၇ | ဘီယာအမျိုးမျိုး | | | ၆၀% | |
| ၂၈ | (က)ဝိုင်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ အထိ ဖြစ်လျှင် | တစ်လီတာ ၈၁ ကျပ် | |
| ၂၉ | (ခ) ဝိုင်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀ အထိ အဆင့်ဖြစ်လျှင် အထိ | တစ်လီတာ ၂၄၄ ကျပ် | |
| ၃၀ | (ဂ) ဝိုင်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၀၆ ကျပ် | |

| | | | | | |
|---|---|---|---|---|---|
| ၃၁ | (ဃ)ပိုင်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၉ ကျပ် | |
| ၃၂ | (င) ပိုင်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၂ ကျပ် | |
| ၃၃ | (စ) ပိုင်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၃၇၅၁ ကျပ်မှ ကျပ် ၄၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၉၄ ကျပ် | |
| ၃၄ | (ဆ)ပိုင်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၃၈ ကျပ် | |
| ၃၅ | (ဇ) ပိုင်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ ကျပ် | |
| ၃၆ | (ဈ) ပိုင်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၇၅၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၈၈ ကျပ် | |
| ၃၇ | (ည)ပိုင်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၁၃ ကျပ် | |
| ၃၈ | (ဋ) ပိုင်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၁၀၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၀၀ ကျပ် | |
| ၃၉ | (ဌ) ပိုင်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၆၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၀ ကျပ် | |
| ၄၀ | (ဍ) ပိုင်အမျိုးမျိုး | | တစ်လီတာတန်ဖိုး ၁၆၅၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာတန်ဖိုး၏ ၅၀% | |
| ၄၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | | ၅% | |
| ၄၂ | (က)Double Cab 4 Door Pickup မှအပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon)ကားများ၊ ကူပေး (Coupe) ကားများ။ | | | ၁၀% | |
| ၄၃ | (ခ) Double Cab 4 Door Pickup မှအပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | | ၃၀% | |
| ၄၄ | (ဂ) Double Cab 4 Door Pickup မှအပ ၄၀၀၁ CC အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | | ၅၀% | |
| ၄၅ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ | | | ၅% | |
| ၄၆ | သဘာဝဓာတ်ငွေ့ | | | ၈% | |
| ၄၇ | **အထက်ဖော်ပြပါ ကုန်စည်များမှ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း အပေါ်ထမ်းဆောင်ရမည့် အသားတင် အထူးကုန်စည်ခွန်** (ဒေါင်လိုက်ကွက် (ဃ)ရှိ အလျားကွက် ၁ မှ ၄၆ အထိကို ပေါင်းပါ။) | | | | |

| **အပိုင်း ခ**<br><br>**ပြည်ပသို့ ကုန်စည်တင်ပို့ခြင်း အပေါ် ထမ်းဆောင်ရမည့် အသားတင် အထူးကုန်စည်ခွန်** | | (က)<br>အရေအတွက် (သို့မဟုတ်) အရောင်းပမာဏ | (ခ)<br>ဈေးကွက်ပေါက်ဈေး တန်ဖိုးအဆင့် | (ဂ)<br>အခွန်နှုန်း | (ဃ)<br>ကျသင့်ခွန်<br>စာတိုင် (က) x စာတိုင် (ဂ) |
|---|---|---|---|---|---|
| ၁ | သစ်လုံး၊ သစ်ခွဲသားများ (ပြည်ပပို့ကုန်) | | | ၁၀ % | |
| ၂ | အခြား ပြည်ပပို့ အထူးကုန်စည်များ (ပြည်ပပို့အထူးကုန်စည်များကို ပူးတွဲဇယားဖြင့် ဖော်ပြပါ) | | | | |
| ၃ | **ပြည်ပသို့ တင်ပို့ရောင်းချသည့် အသားတင် အထူးကုန်စည်ခွန် (ဒေါင်လိုက်အကွက် (ဃ)ရှိ အလျားကွက် ၁ မှ ပမာဏကို ဖြည့်ပါ။)** | | | | |

**အပိုင်း(ဂ)**

**အသားတင်ကျသင့် အထူးကုန်စည်ခွန် သို့မဟုတ် ပိုလျှံပေးဆောင်မှုများ**

| | |
|---|---|
| ၁။ ပေးဆောင်မှုများမပြုမီ အထူးကုန်စည်ခွန်၊ အပိုင်း က အလျားကွက် ၄၇ နှင့် အပိုင်း ခ အလျားကွက် ၃ ကို ပေါင်းပါ။ | |
| ၂။ သုံးလပတ်အတွင်းပေးဆောင်ခဲ့သည့် စုစုပေါင်းအခွန်ငွေ | |
| ၃။ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် အခြား အထူးကုန်စည်ခွန်ထုတ်လုပ်သူများထံမှ ဝယ်ယူခြင်း (ညွှန်ကြားချက်ကိုကြည့်ပါ) ပြုလုပ်သည့် သုံးလပတ်အတွက် ခုနှိမ်မည့် အထူးကုန်စည်ခွန် | |
| ၄။ ယခုသုံးလပတ်သို့ သယ်ယူလာသော ယခင်သုံးလပတ်တွင် ပိုမိုပေးဆောင်ထားခဲ့သော အခွန်ပမာဏ | |
| **၅။ ပေးဆောင်ရန်ကျန်ပမာဏ။ အလျားကွက် ၂၊ အလျားကွက် ၃ နှင့်အလျားကွက် ၄ တို့ကို ပေါင်း၍ ရသည့်ရလဒ်ကို အလျားကွက် ၁မှနုတ်ပါ။ "ဝ" (သို့မဟုတ်) "ဝ" အောက်နည်းပါက"ဝ" ဟုဖြစ်ပါသည်။** | |
| **၆။ ပို၍ပေးဆောင်ထားသောပမာဏ။ အလျားကွက် ၂၊ အလျားကွက် ၃ နှင့် အလျားကွက် ၄ တို့ကို ပေါင်း၍ ရသည့်ရလဒ်မှ အလျားကွက် ၁ ကို နုတ်ပါ။** "ဝ" (သို့မဟုတ်) "ဝ" အောက် လျော့နည်းပါက "ဝ" ဟုဖြည့်ပါ။ ပိုမိုပေးသွင်းထားခဲ့သောပမာဏကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ နှင့်အညီ ပြန်အမ်းငွေရယူလိုပါက ဤအကွက်တွင် အမှတ်ခြစ်ပါ။ ► □ အကယ်၍ အမှတ်မခြစ်ထား ပါက ပိုငွေကို နောင်လာမည့် အခွန်ကာလ(နောက်သုံးလပတ်)တွင် အသုံးပြုရန် ဆက်လက် သယ်ဆောင်သွားမည်။ | |

**ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ၏ ကတိဝန်ခံချက် (ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ မရှိပါက ဤအဆင့်ကိုဖြည့်သွင်းရန်မလိုပါ။)**

အထက်ဖော်ပြပါ အချက်အလက်များသည် ကျွန်ုပ် သိရှိယုံကြည်သမျှ မှန်ကန်ပြည့်စုံပါကြောင်း ကျွန်ုပ်သိရှိရသော အချက်အလက်အားလုံးအရ ဝန်ခံလက်မှတ်ရေးထိုးပါသည်။

(မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။)

| | | | |
|---|---|---|---|
| ဆောင်ရွက်ခယူ၍ ကြေညာလွှာ ဖြည့်သွင်းသူလက်မှတ် | | ရက်စွဲ (ရက်၊ လ၊ နှစ်) | |
| ဆောင်ရွက်ခယူ၍ ကြေညာလွှာ ဖြည့်သွင်းသူအမည် | | အခွန်ထမ်းမှတ်ပုံတင်အမှတ် | |
| လုပ်ငန်းအမည် | | လုပ်ငန်းလိပ်စာ | |
| လုပ်ငန်း၏ အခွန်ထမ်းမှတ်ပုံတင်အမှတ် | | | |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | | အီးမေးလ်လိပ်စာ | |

**အခွန်ထမ်း(သို့) ကိုယ်စားလှယ်၏ ကတိဝန်ခံချက်**

အထက်ဖော်ပြပါ အချက်အလက်များသည် ကျွန်ုပ် သိရှိယုံကြည်သမျှ မှန်ကန်ပြည့်စုံပါကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

(မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။)

| | | | |
|---|---|---|---|
| လက်မှတ် | | ရက်စွဲ (ရက်၊ လ၊ နှစ်) | |
| ပုဂ္ဂိုလ်စု ကိုယ်စား ၊ အစိုးရအဖွဲ့အစည်းကိုယ်စား သို့မဟုတ် တရားဝင် တာဝန်ယူ မဖြေရှင်းနိုင်သောသူကိုယ်စား လက်မှတ်ရေးထိုးသူဖြစ်ပါက အမည်အပြည့်အစုံကိုဖော်ပြပါ။ | | ရာထူး | |

## အထွေထွေညွှန်ကြားချက်များ

## မည်သူသည် အထူးကုန်စည်ခွန်ကြေညာလွှာ တင်သွင်းရမည်နည်း ။

မည်သူမဆို ခြွင်းချက်များမှအပ အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် ကြေညာလွှာတင်သွင်းရမည်-

- အခွန်ကျသင့်သောအထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်သူ၊
- အခွန်ကျသင့်သောအထူးကုန်စည်ကို ပြည်ပသို့ထုတ်လုပ်တင်ပို့သူ၊
- အခွန်ကျသင့်သောအထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းပြီး ထုတ်လုပ်သူ။

### ခြွင်းချက်များ

**အောက်ဖော်ပြပါ ကိစ္စရပ်များအပေါ် အထူးကုန်စည်ခွန် မကျသင့်စေရ။**

- ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ပြည်ပသို့ တင်ပို့သော အထူးကုန်စည်များ၊
- ပြည်ပသို့ တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ခရီးသွားသူများအား အခွန်လွတ် အရောင်းဆိုင်မှ ရောင်းချသည့် အထူးကုန်စည်များ၊
- ပြည်ပသို့ တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ပြည်ပသို့ ပျံသန်းပြေးဆွဲနေစဉ် လေယာဉ် သို့မဟုတ် သင်္ဘောပေါ်တွင် ရောင်းချသည့် အထူးကုန်စည်များ၊
- ယာယီအသုံးပြုရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းသို့တင်သွင်းလာပြီး မူလတင်သွင်းသည့်နိုင်ငံသို့ မူရင်းပမာဏအခြေအနေအတိုင်း အကောက်ခွန်သတ်မှတ် ချက်များနှင့်အညီ ပြန်လည်တင်ပို့မည့် အထူးကုန်စည်များ၊
- ပြည်တွင်းပြည်ပ အလှူရှင်များမှ ပြည်တွင်း၌လှူဒါန်းရန် လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး ကိစ္စရပ်များအတွက် တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များ၊
- အပြည်ပြည်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ သို့မဟုတ် သံတမန်ဆိုင်ရာ ကွန်ဗင်ရှင်းများအရ ကင်းလွတ်ခွင့်ရရှိသူတို့အတွက် တင်သွင်းလာသည့် အထူးကုန်စည်များ၊
- ပြည်ပသို့ ထွက်ခွာမည့် လေယာဉ်များတွင် အသုံးပြုမည့် လောင်စာဆီများ။

အထူးကုန်စည်ခွန်ဥပဒေအရ အခွန်ကျသင့်သည့်အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ ထုတ်လုပ် ရောင်းချသည့် ဆေးရွက် ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ် ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိထက် မပိုလျှင် အထူးကုန်စည်ခွန် မကျသင့်ပါ။

မည်သူမဆို အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်းဖြစ်ပါက ကျသင့်သည့် အခွန်ကို အောက်ပါအတိုင်း ပေးဆောင်ရမည်-

- အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းခြင်းဖြစ်ပါက ကုန်စည်ကို ရွေးယူခြင်းမပြုမီ ပေးဆောင်ရမည်။
- ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက-
  - အထူးကုန်စည်ကို ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက် အတွင်း ပေးဆောင်ရမည်။
  - ထုတ်လုပ်မှုအပေါ်အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်များဖြစ်ပါက အထူးကုန်စည်ကို ထုတ်လုပ်သည့်လ ကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်။
- ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက အထူးကုန်စည်ကို တင်ပို့သည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက် အတွင်း ပေးဆောင်ရမည်။
- ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိရခြင်းဖြစ်ပါက စိစစ်တွေ့ရှိသည့် နေ့မှ ခုနစ်ရက် အတွင်း ကုန်စည်ပိုင်ရှင်ကပေးဆောင်ရမည်။

### ကျသင့်သောအခွန်ကို -

- ပြည်တွင်းသို့တင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ကို တင်သွင်းသူက ပေးဆောင်ရမည်။ ပေးဆောင်ရမည့်အခွန်ကို အကောက်ခွန် ကောက်ခံသည့် နည်းလမ်းများအတိုင်း အကောက်ခွန်ဦးစီးဌာနက အကောက်ခွန်နှင့်အတူ တစ်ပါတည်း ကောက်ခံမည်ဖြစ်သည်။
- ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက ယင်းအထူးကုန်စည်ကို ထုတ်လုပ်သူက ပေးဆောင်ရမည်။
- ပြည်ပသို့ တင်ပို့ခြင်းဖြစ်ပါက ယင်းအထူးကုန်စည်ကို တင်ပို့သူက ပေးဆောင်ရမည်။
- အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ထားရှိခြင်းဖြစ်ပါက လက်ဝယ်ထားရှိသူက ပေးဆောင်ရမည်။

အခွန်ကျသင့်သော အထူးကုန်စည်များအတွက် အောက်ဖော်ပြပါနေ့ရှိ ကုန်စည်တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှု တစ်ခုခု အပေါ် အခြေပြုသတ်မှတ်ထားသည့် အခွန်နှုန်းဖြင့် တွက်ချက်ရမည်-

- ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက ထိုအထူးကုန်စည်ကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းဆောင်ရွက် သည့်နေ့၊

- ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက
    - အထူးကုန်စည် ထုတ်လုပ်သည့်နေ့၊
    - ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်များဖြစ်ပါက အထူးကုန်စည်ကို ထုတ်လုပ်သည့်နေ့၊
- ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ပိုင်ဆိုင်ထားသော ကိစ္စရပ်တွင် စစ်ဆေးတွေ့ရှိသည့်နေ့။

## မည်သည့်အချိန်တွင် အထူးကုန်စည်ခွန်ကြေညာလွှာ တင်သွင်းရမည်နည်း။

အထူးကုန်စည်ခွန်ကြေညာလွှာကို အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်သူ သို့မဟုတ် တင်ပို့သူသည် အထူးကုန်စည်ကို ထုတ်လုပ်ရောင်းချခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းအတွက် သုံးလပတ်ကြေညာလွှာကို သက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး ၁၀ ရက်အတွင်း တင်သွင်းရမည်။ အကယ်၍ ၁၀ ရက် မြောက်နေ့သည် အလုပ်ပိတ်ရက် သို့မဟုတ် အားလပ်ရက်ဖြစ်ပါက ယင်းအားလပ်ရက်နောက် ရုံးဖွင့်ရက်နေ့ ရောက်ရောက်ချင်း တင်သွင်းရမည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် သတ်မှတ်ထားသည့် နောက်ဆုံးရက်စွဲများမှာ-

- ၁၀ ဇန်နဝါရီလ ၂၀၂၀
- ၁၀ ဧပြီလ ၂၀၂၀
- ၁၀ ဇူလိုင်လ ၂၀၂၀
- ၁၀ အောက်တိုဘာလ ၂၀၂၀

## ဒဏ်ကြေးငွေများ

အောက်ဖော်ပြပါ ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပါက အထူးကုန်စည်ခွန်ဥပဒေအရ ဒဏ်ကြေးငွေ ပေးဆောင်ရမည်ဖြစ်ပါသည်-

- ဈေးကွက်ပေါက်ဈေး သတ်မှတ်ပေးနိုင်ရေးအတွက် ဤဥပဒေအရ တောင်းခံသည့် သတင်းအချက်အလက်များ သတ်မှတ်ထားသော သို့မဟုတ် ထပ်မံတိုးမြှင့်ပေးထားသော အချိန်အတွင်း တင်သွင်းရန် ပျက်ကွက်ခြင်း အတွက် ကျပ် သိန်း ၅၀ ၊
- အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို ရရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်း ပေးဆောင် ရမည့်အပြင် ယင်း ကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊
- အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိရပါက အထူးကုန်စည်ထုတ်လုပ်သူက ယင်းသို့ ပျက်ကွက်ခြင်းအတွက် တွေ့ရှိသည့် အထူးကုန်စည် တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း။

ထုတ်ဖော်ခွင့်ရရှိသူသည် တရားစွဲဆိုခံရပြီး ခွင့်ပြုထားသည့် ကာလအတွင်း ထုတ်ဖော်ရန်ပျက်ကွက်ကြောင်း သို့မဟုတ် တိမ်းရှောင်ထိမ်ချန်ခဲ့သည့် အထူးကုန်စည် ပမာဏနှင့်သက်ဆိုင်သည့် အချက်အလက်များကို လျော့နည်းထုတ်ဖော်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်သည်။

တရားစွဲဆိုခံရပြီး သတင်းအချက်အလက်တင်ပြရန် လုံလောက်သောအကြောင်းမရှိဘဲ ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံး ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်ခြင်းခံရမည်ဖြစ်သည်။

အောက်ဖော်ပြပါ ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပါက ပေးဆောင်ရမည့်အခွန်၏ ၁၀% နှင့် ညီမျှသော ဒဏ်ကြေးငွေ ကို ပေးဆောင်ရမည်-

- အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ မှတ်ပုံတင်ရန် ပျက်ကွက် ခြင်း၊
- အခွန်ဆိုင်ရာသတင်းအချက်အလက် ပြောင်းလဲမှုကို အကြောင်းကြားရန်ပျက်ကွက်ခြင်း၊
- အခွန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ထမ်းမှတ်ပုံတင် ပယ်ဖျက်ခြင်းကို ဥပဒေနှင့်အညီ လျှောက်ထားရန် ပျက်ကွက်ခြင်း။

အောက်ဖော်ပြပါ ကျူးလွန်မှုတစ်ရပ်ရပ်ကို ပြုလုပ်ပါက ကျပ် နှစ်သိန်းငါးသောင်းထက် မပိုသော ဒဏ်ကြေးငွေ ပေးဆောင် ရမည်-

- မမှန်ကန်သော သို့မဟုတ် ယင်းနှင့်မသက်ဆိုင်သည့် အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို အသုံးပြုခြင်း၊
- မမှန်ကန်သော ငွေတောင်းခံလွှာ သို့မဟုတ် အရောင်း ပြေစာ ထုတ်ပေးခြင်း၊
- မမှန်ကန်သော မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စု ထုတ်ပေးခြင်း၊
- ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုများကို အခွန်ဥပဒေ တစ်ရပ်ရပ်နှင့်အညီ မဟုတ်ဘဲ ပေးအပ်ခြင်း သို့မဟုတ် ပေးအပ်ရန် ပျက်ကွက်ခြင်း။

ကြေညာလွှာ တင်သွင်းထိုက်သူဖြစ်သော်လည်း သတ်မှတ်ထားသည့်ကာလအတွင်း တင်သွင်းရန်ပျက်ကွက်ပါက အောက်ပါဒဏ်ကြေးငွေ နှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

- ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၅% အပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့ရက်မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်း အတွက် ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၁%၊
- ငွေကျပ်တစ်သိန်း။

ပေးဆောင်ရမည့်အခွန်ပမာဏတွင် အရစ်ကျ ပေးဆောင် ရသည့် အခွန်များလည်းပါဝင်သည်။

ကြေညာလွှာတွင် မမှန်ကန်သော ဖော်ပြချက် သို့မဟုတ် ချန်လှပ်ထားခဲ့သော အကြောင်းအချက်တစ်ခုခုနှင့် စပ်လျဉ်း၍ အခွန်ကို လျော့နည်းပေးဆောင်ခဲ့ခြင်း သို့မဟုတ် လျော့နည်းပေးဆောင်ခဲ့ဖွယ်ရှိပြီး အဆိုပါ ဖော်ပြချက် သို့မဟုတ် ချန်လှပ်ထားချက်သည် အခွန်ထမ်းက ကြိုတင်ကြံရွယ်ချက်ဖြင့် ပြုလုပ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းဖြစ် ပါက အောက်ဖော်ပြပါ ဒဏ်ကြေးငွေတစ်ရပ်ရပ်ကို ပေးဆောင်ရမည်-

- လျော့နည်းပေးဆောင်သည့် အခွန်ပမာဏသည် ကျပ် သိန်း ၁၀၀၀ ထက် ကျော်လွန်လျှင် သို့မဟုတ် ပေးဆောင်ရမည့်အခွန်၏ ၅၀% ထက် ကျော်လွန်လျှင် လျော့နည်းပေးဆောင်သည့် အခွန်ပမာဏ၏ ၇၅%၊
- အထက်ပါ အချက်နှင့် အကျုံးမဝင်ပါက လျော့နည်း ပေးဆောင်သည့် အခွန်ပမာဏ၏ ၂၅%။

မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သော ဖော်ပြချက်ကို တင်ပြသဖြင့် စည်းကြပ်မှုပြုလုပ်ရာတွင် အမှတ်ပေးဆောင်ရန် တာဝန်ရှိသော အခွန်အောက် လျော့နည်းပေးဆောင်ခဲ့ဖွယ်ရှိလျှင်ဖြစ်စေ၊ အမှန်ပြန်အမ်းရမည့်ငွေထက် ပိုမိုပြန်အမ်းခဲ့ဖွယ်ရှိလျှင်ဖြစ်စေ ဒဏ်ကြေးငွေ တစ်သိန်းငါးသောင်းအပြင် အောက်ပါဒဏ်ကြေးငွေတို့အနက် များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

- အမှန်ကျသင့်သည့်အခွန်နှင့် လျော့နည်းစည်းကြပ်ခဲ့နိုင် ဖွယ်ရှိသည့် အခွန်တို့၏ ခြားနားသည့်ပမာဏ၊
- အမှန်ပြန်အမ်းရမည့်ငွေကြေးနှင့် ပိုမိုပြန်အမ်းခဲ့နိုင်ဖွယ် ရှိသည့် ငွေကြေးတို့၏ ခြားနားသည့်ပမာဏ။

အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေအရသော်လည်းကောင်း၊ အခွန်ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း လိုအပ်သည့် စာတမ်းအမှတ်အသားများ ထိန်းသိမ်းရန်ပျက်ကွက်ပါက ပျက်ကွက်မှု ဆက်လက်ဖြစ်ပွားနေသည့် ရက်တစ်ရက်ချင်းစီ အတွက်ဖြစ်စေ၊ ရက်တစ်ရက်၏ တစ်စိတ်တစ်ပိုင်းအတွက်ဖြစ်စေ အောက်ဖော်ပြပါ ဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

- ကျပ် ငါးသိန်းထက်မပိုသည့် အခွန်ပေးဆောင်ရန် တာဝန် ရှိသူဖြစ်ပါက ပျက်ကွက်မှု ဆက်လက် ဖြစ်ပွားနေသည့် ရက်တစ်ရက်စီအတွက် တစ်ရက်လျှင် ကျပ် ငါးထောင်၊
- ကျပ်သိန်း ၅၀ ထက်မပိုသည့် အခွန်ပေးဆောင်ရန် တာဝန် ရှိသူဖြစ်ပါက ပျက်ကွက်မှုဆက်လက် ဖြစ်ပွားနေသည့် ရက်တစ်ရက်စီအတွက် တစ်ရက်လျှင် ကျပ်ငါးသောင်း၊
- ကျပ်သိန်း ၅၀ ထက် ကျော်လွန်သည့် အခွန်ပေးဆောင်ရန် တာဝန်ရှိသူဖြစ်ပါက ပျက်ကွက်မှုဆက်လက် ဖြစ်ပွား နေသည့် ရက်တစ်ရက်စီအတွက် တစ်ရက်လျှင် ကျပ် တစ်သိန်း။

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၆၀ အရ ထုတ်ပြန်သည့် အကြောင်းကြားစာကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တတိယပုဂ္ဂိုလ် ပေးဆောင်ရမည့် အခွန်ပမာဏနှင့် ယင်းအကြောင်းကြားစာတွင် ဖော်ပြထားသည့် သတ်မှတ်ရက်တွင် ပေးဆောင်ပြီးဖြစ်သည့် အခွန်ပမာဏတို့ အကြား ခြားနားချက် ၏ ၂၅% ကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေအရလည်းကောင်း၊ အခွန်ဥပဒေတစ်ရပ်ရပ်အရလည်းကောင်း အခွန်ဝန်ထမ်းကို ရုံးလုပ်ငန်းဆောင်ရွက်ရန် ထိုက်သင့်သည့်နေရာ၊ အသုံးအဆောင်နှင့် အကူအညီများပေးရန် ထိုက်သင့်သည့်နေရာ၊ အသုံးအဆောင်နှင့် အကူအညီများပေးရန် ပျက်ကွက်ပါက ကျပ်ငါးသိန်းထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေအရဖြစ်စေ၊ အခွန်ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ သင့်လျော်စွာ တောင်းခံသည့် သတင်းအချက်အလက်ကို သတ်မှတ်အချိန်အတွင်း ပေးအပ်ရန် ပျက်ကွက်ပါက ကျပ်ငါးသိန်းထက် မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

နောက်ကျပေးဆောင်ခြင်းများအတွက် အောက်ပါအတိုင်း ဒဏ်ကြေးငွေ ပေးဆောင်ရမည်ဖြစ်ပါသည်-

- စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှု ပြုလုပ် သည့်နေ့မှ ၁၄ ရက်အတွင်း သို့မဟုတ် စည်းကြပ်မှု အကြောင်းကြားစာပါ သတ်မှတ်ရက်တွင် ပေးဆောင်ရန်ရှိသည့် အခွန်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်း ကိုဖြစ်စေ ပေးဆောင်ရန် ပျက်ကွက်ပါက ပေးဆောင်ခြင်းမရှိသေးသည့် အခွန်၏ ၁၀% နှင့် ညီမျှသည့် ပမာဏ၊
- အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ အရစ်ကျပေးဆောင် ရမည့် အခွန်အားလုံးကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်း ကိုဖြစ်စေ အဆိုပါအရစ်အတွက် ပေးဆောင်ရန် သတ်မှတ်ရက်အတွင်း ပေးဆောင်ရန် ပျက်ကွက်ပါက ပေးဆောင်ခြင်းမရှိသေးသည့် အခွန်၏ ၁၀% နှင့် ညီမျှသည့် ပမာဏ။

ထို့ပြင် အခွန်စည်းကြပ်မှုပြုခြင်း၊ ပေးဆောင်စေခြင်း၊ ကောက်ခံခြင်းကို သိလျက်နှင့်တမင်ရှောင်တိမ်းခြင်း သို့မဟုတ် ရပိုင်ခွင့်မရှိသည့် ပြန်အမ်းငွေကို ရရှိရန် သိလျက်နှင့် တမင်ကြံရွယ်ချက်ဖြင့် တောင်းခံခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ၇ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းငါးသောင်းနှင့် သက်ဆိုင်ရာ ကာလအတွက် ရှောင်တိမ်းခဲ့သည့် အခွန်၏ ၁၀၀% နှင့် ညီမျှသော ငွေပမာဏတို့အနက် များရာဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်ပါသည်။

အခွန်ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ခြင်းသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ အခွန်စီမံအုပ်ချုပ်မှုဆောင်ရွက်ခြင်းကို တမင်ဟန့်တားခြင်း သို့မဟုတ် ဟန့်တားရန်အားထုတ်ခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်သည်။

## အသေးစိတ် ညွှန်ကြားချက်များ

**ရောင်းချခြင်း** ဆိုသည်မှာ အထူးကုန်စည်ကို လက်ငင်းစနစ်ဖြင့်ဖြစ်စေ၊ အကြွေးစနစ်ဖြင့်ဖြစ်စေ၊ ဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကုန်စည်လဲလှယ်ခြင်းစနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချခြင်းကိုဆိုသည်။ အထူးကုန်စည်ရောင်းဈေးတန်ဖိုး တွက်ချက်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

- **ပြည်တွင်း၌ထုတ်လုပ်သည့်အထူးကုန်စည်** သို့မဟုတ် ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိသည့် ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ဖြစ်ပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီအဖွဲ့က သတ်မှတ်အတည်ပြုထားသည့် ဈေးကွက်ပေါက်ဈေးကို အခြေခံရမည်။ **ဈေးကွက်ပေါက်ဈေး** ဆိုသည်မှာ ရောင်းသူဝယ်သူတို့အကြား ဈေးနှုန်း ထိန်းချုပ်ထားခြင်းမရှိဘဲ ရောင်းလိုအားနှင့် ဝယ်လိုအားတို့က အဆုံးအဖြတ်ပြုသည့် လက်လီရောင်းဈေး သို့မဟုတ် လက်လီ ရောင်းဈေး သတ်မှတ်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များ အတွက် သတ်မှတ်ချက်နှင့်အညီ တွက်ချက်ရရှိသည့် ခန့်မှန်းရောင်းဈေးကိုဆိုသည်။
- **ပြည်တွင်းသို့တင်သွင်းသည့်အထူးကုန်စည်**ဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ် အခြေခံရမည်။ ကုန်းပေါ်ရောက်တန်ဖိုးဆိုသည်မှာ ပြည်တွင်းသို့ တင်သွင်းသော အထူးကုန်စည်အတွက် အကောက်ခွန်ဥပဒေအရ သတ်မှတ်သည့်တန်ဖိုး၊ ယင်းကုန်စည်အပေါ် စည်းကြပ်သည့်အကောက်ခွန်နှင့် ကုန်ချစရိတ်တို့ ပေါင်းစပ်ပါဝင်သော ငွေကိုဆိုသည်။

## အခွန်ထမ်း၏ အသေးစိတ်အချက်အလက်များ

ဤနေရာတွင် မည်သည့်သုံးလပတ်အတွက် အထူးကုန်စည်ခွန်ကြေညာလွှာကို တင်သွင်းကြောင်း ဖော်ပြထားသည့်အကွက်တွင် ဖော်ပြပေးပါ။

## အလျားကွက် (ဃ)

ဤအခွန်ထမ်းအတွက် ပထမဆုံး အထူးကုန်စည်ခွန်ကြေညာလွှာတင်သွင်းခြင်းဖြစ်လျှင် "ပြည်တွင်းအခွန်များဦးစီးဌာနထံသို့တင်သွင်းသည့် ကနဦးကြေညာလွှာ" အကွက်ကို အမှတ်ခြစ်ပါ။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ယခင်တင်သွင်းထားသည့် သုံးလပတ်ကြေညာလွှာကို ပြင်ဆင်တင်သွင်းခြင်း ဖြစ်ပါက "သုံးလပတ်ကာလအတွက် ကြေညာလွှာကို ပြင်ဆင်သည့်ကြေညာလွှာ"အကွက်ကို အမှတ်ခြစ်၍ ယင်းပြင်ဆင်သည့် သုံးလပတ်ကာလကို ဖော်ပြပါ။ ဤအခွန် ကြေညာလွှာသည် ယခုဖော်ပြထားသည့် အခွန်ထမ်းအတွက် နောက်ဆုံးတင်သွင်းခြင်းဖြစ်ပါက (ဆိုလိုသည်မှာ အခွန်ထမ်းသည် လုပ်ငန်းဖျက်သိမ်းသည့်အတွက် ဆက်လက်တည်ရှိတော့မည်မဟုတ်သည့်အတွက်) "ပြည်တွင်းအခွန်များဦးစီးဌာနထံသို့ တင်သွင်းသည့် အပြီးသတ် ကြေညာလွှာ"ဆိုသည့်အကွက်ကို အမှတ်ခြစ်ပါ။ ယခင်ကြေညာလွှာ တင်သွင်းပြီးနောက် လိပ်စာအပြောင်းအလဲဖြစ်ပါက "လိပ်စာပြောင်းခြင်း" ဆိုသည့် အကွက်ကို အမှတ်ခြစ်ပါ။

## အပိုင်း (က) ၊ ဒေါင်လိုက်ကွက် (က)

ထုတ်လုပ်သော ကုန်စည်အရေအတွက် သို့မဟုတ် အရောင်းပမာဏကို သက်ဆိုင်သည့်အားလျော်စွာ ဖြည့်စွက်ပါ။ အလျားကွက် ၁-၄၊ ၇၊ ၁၁-၂၅ နှင့် ၂၈-၃၉ တွင် ထုတ်လုပ် သို့မဟုတ် ရောင်းချသည့် အရေအတွက်ကို အသုံးပြုပါ။ အလျားကွက် ၅-၆၊ ၈-၁၀၊ ၂၆-၂၇ နှင့် ၄၀-၄၆ တို့အတွက် အရောင်းပမာဏကို အသုံးပြုပါ။

| အလျားကွက် | ဒေါင်လိုက်အကွက် (က) တွင်ဖော်ပြချက် |
|---|---|
| ၁။ (က) စီးကရက်အမျိုးမျိုး | စီးကရက်လိပ် အရေအတွက် |
| ၂။ (ခ) စီးကရက်အမျိုးမျိုး | စီးကရက်လိပ် အရေအတွက် |
| ၃။ (ဂ) စီးကရက်အမျိုးမျိုး | စီးကရက်လိပ် အရေအတွက် |
| ၄။ (ဃ) စီးကရက်အမျိုးမျိုး | စီးကရက်လိပ် အရေအတွက် |
| ၅။ ဆေးရွက်ကြီး | ဆေးရွက်ကြီးတန်ဖိုး |
| ၆။ ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | ဆေးရွက်ကြီးတန်ဖိုး |
| ၇။ ဆေးပေါ့လိပ် | ဆေးပေါ့လိပ်အရေအတွက် |

| | |
|---|---|
| ၈။ ဆေးပြင်းလိပ် | ဆေးပြင်းလိပ်တန်ဖိုး |
| ၉။ ဆေးတံသောက်ဆေးများ | ဆေးတံသောက်ဆေးတန်ဖိုး |
| ၁၀။ ကွမ်းစားဆေးအမျိုးမျိုး | ကွမ်းစားဆေးအမျိုးမျိုးတန်ဖိုး |
| ၁၁။ (က) အရက်အမျိုးမျိုး | လီတာပမာဏ |
| ၁၂။ (ခ) အရက်အမျိုးမျိုး | လီတာပမာဏ |
| ၁၃။ (ဂ) အရက်အမျိုးမျိုး | လီတာပမာဏ |
| ၁၄။ (ဃ) အရက်အမျိုးမျိုး | လီတာပမာဏ |
| ၁၅။ (င) အရက်အမျိုးမျိုး | လီတာပမာဏ |
| ၁၆။ (စ) အရက်အမျိုးမျိုး | လီတာပမာဏ |
| ၁၇။ (ဆ) အရက်အမျိုးမျိုး | လီတာပမာဏ |
| ၁၈။ (ဇ) အရက်အမျိုးမျိုး | လီတာပမာဏ |
| ၁၉။ (ဈ) အရက်အမျိုးမျိုး | လီတာပမာဏ |
| ၂၀။ (ည) အရက်အမျိုးမျိုး | လီတာပမာဏ |
| ၂၁။ (ဋ) အရက်အမျိုးမျိုး | လီတာပမာဏ |
| ၂၂။ (ဌ) အရက်အမျိုးမျိုး | လီတာပမာဏ |
| ၂၃။ (ဍ) အရက်အမျိုးမျိုး | လီတာပမာဏ |
| ၂၄။ (ဎ) အရက်အမျိုးမျိုး | လီတာပမာဏ |
| ၂၅။ (ဏ) အရက်အမျိုးမျိုး | လီတာပမာဏ |
| ၂၆။ (တ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး |
| ၂၇။ ဘီယာအမျိုးမျိုး | ဘီယာတန်ဖိုး |
| ၂၈။ (က) ဝိုင်အမျိုးမျိုး | လီတာပမာဏ |
| ၂၉။ (ခ) ဝိုင်အမျိုးမျိုး | လီတာပမာဏ |
| ၃၀။ (ဂ) ဝိုင်အမျိုးမျိုး | လီတာပမာဏ |
| ၃၁။ (ဃ) ဝိုင်အမျိုးမျိုး | လီတာပမာဏ |
| ၃၂။ (င) ဝိုင်အမျိုးမျိုး | လီတာပမာဏ |
| ၃၃။ (စ) ဝိုင်အမျိုးမျိုး | လီတာပမာဏ |
| ၃၄။ (ဆ) ဝိုင်အမျိုးမျိုး | လီတာပမာဏ |
| ၃၅။ (ဇ) ဝိုင်အမျိုးမျိုး | လီတာပမာဏ |
| ၃၆။ (ဈ) ဝိုင်အမျိုးမျိုး | လီတာပမာဏ |
| ၃၇။ (ည) ဝိုင်အမျိုးမျိုး | လီတာပမာဏ |
| ၃၈။ (ဋ) ဝိုင်အမျိုးမျိုး | လီတာပမာဏ |
| ၃၉။ (ဌ) ဝိုင်အမျိုးမျိုး | လီတာပမာဏ |
| ၄၀။ (ဍ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး |
| ၄၁။ သစ်လုံး၊ သစ်ခွဲသားများ။ | သစ်တန်ဖိုး |
| ၄၂။ (က) Double Cab 4 Door Pickup မှအပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon)ကားများ၊ ကူပေး (Coupe) ကားများ။ | ကားတန်ဖိုး |
| ၄၃။ (ခ) Double Cab 4 Door Pickup မှအပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon)ကားများ၊ ကူပေး (Coupe) ကားများ။ | ကားတန်ဖိုး |
| ၄၄။ (ဂ) Double Cab 4 Door Pickup မှအပ ၄၀၀၁ CC အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon)ကားများ၊ ကူပေး (Coupe) ကားများ။ | ကားတန်ဖိုး |
| ၄၅။ ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ | ဆီတန်ဖိုး |
| ၄၆။ သဘာဝဓာတ်ငွေ့ | သဘာဝဓာတ်ငွေ့တန်ဖိုး |

## အပိုင်း (ခ)၊ ဒေါင်လိုက်ကွက် (က)

ပြည်ပသို့တင်ပို့သည့် ကုန်ပစ္စည်းတန်ဖိုးကို ဖြည့်သွင်းပါ။

| အလျားကွက် | ဒေါင်လိုက်အကွက် (က) တွင်ဖော်ပြချက် |
|---|---|
| ၁။ သစ်လုံး၊ သစ်ခွဲသားများ (ပြည်ပပို့ကုန်) | တင်ပို့သည့် သစ်လုံး၊ သစ်ခွဲသားတန်ဖိုး |
| ၂။ အခြားပြည်ပပို့ အထူးကုန်စည်များ | တင်ပို့သည့် အထူးကုန်စည်တန်ဖိုး |

## အပိုင်း (ဂ)၊ အလျားကွက် (၃)။

**ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် အခြားအထူးကုန်စည် ထုတ်လုပ်သူများထံမှ ဝယ်ယူခြင်းပြုလုပ်သည့်သုံးလပတ်အတွက် သုံးလပတ်အတွက် ခုနှိမ်မည့် အထူးကုန်စည်ခွန်။** ဤအလျားကွက်တွင် အောက်ပါတို့ကိုသာ ဖြည့်သွင်းပါ-

- ပြည်တွင်းသို့တင်သွင်းစဉ်က သို့မဟုတ် အခြားအထူးကုန်စည်ထုတ်လုပ်သူထံ ကိုယ်တိုင်ဝယ်ယူစဉ်က ပေးဆောင်ခဲ့ရသည့် အထူးကုန်စည် ခွန်၊
- ၂၀၁၉ ပြည်ထောင်စုအခွန်ကောက်ဥပဒေပုဒ်မ ၁၁(ခ)တွင် ဖော်ပြထားသော အထူးကုန်စည်များကို ပြည်တွင်း၌ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့စဉ် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်။

သုံးလတစ်ကြိမ်တင်သွင်းမည့် အထူးကုန်စည်ခွန်ကြေညာလွှာတင်သွင်းသည့်အခါ ပုံစံ ပတခ(အထက)-၂၀၊ ၂၁ နှင့် ၂၂ တို့၏ မိတ္တူကို ပူးတွဲတင်သွင်းပါ။

မှတ်ချက်။ အထူးကုန်စည်များရောင်းချသည့်အတွက် ကျသင့်သည့်အခွန်ကို လူကြီးမင်း၏ လုပ်ငန်းမှ မရွှေ့မပြောင်းနိုင်သော သို့မဟုတ် ငွေလုံးငွေရင်း ပစ္စည်းများ (Fixed or Capital Assets) အတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်နှင့် ခုနှိမ်၍မရပါ။

အကယ်၍ အထူးကုန်စည်များ တင်သွင်းသည့်အပေါ် ကျသင့်သည့် အထူးကုန်စည်ခွန် သို့မဟုတ် မြန်မာပြည်တွင်း၌ အခြားအထူး ကုန်စည် ထုတ်လုပ်ရန်အတွက် ဝယ်ယူသော အထူးကုန်စည်ခွန် (input tax) သည် အထူးကုန်စည် ရောင်းချရခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းအတွက် ပေးချေရမည့် အထူးကုန်စည်ခွန် (output tax) ထက် များနေပါက ပိုလျှံနေသည့် ပမာဏ (excess input tax) ကို အထူးကုန်စည်ခွန်ကျသင့်သည့် ယင်းဘဏ္ဍာနှစ်အတွက် ဝင်ငွေခွန်တွက်ချက်ရာတွင် စီးပွားရေး လုပ်ငန်းအသုံးစရိတ်အဖြစ် သတ်မှတ်ခွင့်ပြုမည်ဖြစ်သည်။

လူကြီးမင်း၏ အထူးကုန်စည်များအတွက် အခွန်ခုနှိမ် ပေးဆောင်ရာတွင် မြန်မာနိုင်ငံတွင်း ရောင်းချသည့် အထူးကုန်စည်များ သို့မဟုတ် သုံးလပတ် အတွင်း ပြည်ပသို့ တင်ပို့သည့် ပို့ကုန်အတွက် အခွန်ကျထိုက်သည့် အထူးကုန်စည်များအတွက်သာ ခွင့်ပြုထားပါသည်။ လူကြီးမင်း၏ အထူးကုန်စည် စာရင်းတွင် ရောင်းချခြင်းမရှိသေးဘဲ ကျန်ရှိနေသေးသည့် အထူးကုန်စည်များအတွက် အထူးကုန်စည် ရယူဖြည့်သွင်းရာတွင် ကျသင့်သည့် အထူး ကုန်စည်ခွန်ပမာဏကို အထူးကုန်စည်များ ရောင်းချချိန် သို့မဟုတ် ပြည်ပသို့တင်ပို့ချိန်တွင် ကျသင့်မည့် အထူးကုန်စည်ခွန်တွင် ဆက်လက် သယ်ဆောင် ခုနှိမ်နိုင်ပါသည်။

အထက်ဖော်ပြပါ ခုနှိမ်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လိုက်နာရန် အခက်အခဲရှိနေသည့် အခွန်ထမ်းများအနေနှင့် အခြားခုနှိမ်သည့် နည်းလမ်းတစ်ခုကို အသုံးပြုလိုကြောင်း ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားနိုင်ပါသည်။ အကြံပြုထားသည့် ယင်းအခြားနည်းလမ်းအား ပြည်တွင်းအခွန်များဦးစီးဌာနမှနေ၍ သုံးသပ်ကြည့်ရှုမည်ဖြစ်သည်။ ပြည်တွင်းအခွန်များဦးစီးဌာနက သုံးသပ်ကြည့်ရှုပြီးသည့်အခါ ယင်းအကြံပြုချက် အား အတည်ပြုမည် သို့မဟုတ် သတ်မှတ်ထားသည့် အခြားနည်းလမ်းများကို အသုံးပြုရန် အတည်ပြုပါမည်။

## အပိုင်း (ဂ)၊ အလျားကွက် (၆)။

**ပို၍ပေးဆောင်ထားသောပမာဏ။** အလျားကွက် ၆ ရှိ ပမာဏသည် အခွန်ကြေညာလွှာ တွက်ချက်မှုမှန်ကန်ပြီး ပေးရန်ရှိ အခွန်ငွေလက်ကျန်စာရင်း မရှိပါက နောက်လာမည့် သုံးလပတ်ကာလအတွက် ကြေညာလွှာတွင် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်သည်။

အခွန်ထမ်းပေးဆောင်ထားသည့် အခွန်ပမာဏသည် စည်းကြပ်သည့်ပမာဏ သို့မဟုတ် ပေးဆောင်ရန်တာဝန်ရှိသည့်ပမာဏထက် ကျော်လွန်နေပါက ယင်းပိုငွေကို ပြန်အမ်းမည်ဖြစ်ပြီး ယင်းသို့ပြန်အမ်းရာတွင် –

(က) အခွန်ထမ်းပေးဆောင်ရမည့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့် သက်ဆိုင်သည့်စည်းကြပ်ပြီးသည့်အခွန်၊ အတိုး သို့မဟုတ် ဒဏ်ကြေးငွေများကို ခုနှိမ်မည်၊

(ခ) ထို့ပြင် ကျန်ရှိသည့် ပြန်အမ်းငွေပမာဏမှ လာမည့် ၁၂ လအတွင်း အခွန်ထမ်းပေးဆောင်ရမည့်အခွန်တာဝန်ကို ကြိုတင်ခွန်အဖြစ်ခုနှိမ်မည်၊

(ဂ) အထက်ပါ (က)၊ (ခ) နှင့် မဆန့်ကျင်စေဘဲ ပြန်အမ်းရန်ရှိသည့် ပမာဏအားလုံးကို ပြန်အမ်းပေးမည်၊

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပြန်အမ်းငွေ သို့မဟုတ် ခုနှိမ်ခွင့်ကို စည်းကြပ်မှုနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာအခွန်ကာလ ကုန်ဆုံးပြီး ၆ နှစ်အတွင်း အခွန်ထမ်းက လျှောက်ထားတောင်းခံခြင်း သို့မဟုတ် ယင်းကာလအတွင်း ညွှန်ကြားရေးမှူးချုပ်က တွေ့ရှိဆောင်ရွက်ခြင်းဖြစ်မှသာ ခွင့်ပြုမည်ဖြစ်သည်။

## ဆောင်ရွက်ခယူ၍ ကြေညာလွှာ ဖြည့်သွင်းသူ၏ ကတိဝန်ခံချက်

ဤကြေညာလွှာမတင်သွင်းမီ စာမျက်နှာ ၄ ၌ ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ (ဥပမာ။ သင်၏ စာရင်းကိုင် သို့မဟုတ် စာရင်းစစ်ဆေးသူ) အား ဝန်ခံ ကတိပြု လက်မှတ်ရေးထိုးစေရမည်။ အကယ်၍ သင်၏ ဝန်ထမ်းမှ ဆောင်ရွက်ပါက ဤအပိုင်းတွင် လက်မှတ်ရေးထိုးရန် မလိုအပ်ပါ။

မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။

## အခွန်ထမ်း (သို့) ကိုယ်စားလှယ် ၏ ကတိဝန်ခံချက်

ဤကြေညာလွှာကို မတင်သွင်းမီ စာမျက်နှာ ၄ တွင် လက်မှတ်ထိုးထားကြောင်း သေချာစစ်ပါ။

- ပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါက ထို ပုဂ္ဂိုလ်မှ လက်မှတ်ရေးထိုးရမည်။
- သမဝါယမ အသင်းအဖွဲ့ဖြစ်ပါက ဥက္ကဋ္ဌ (သို့) အတွင်းရေးမှူးမှ လက်မှတ်ရေးထိုးရမည်။
- ကုမ္ပဏီ ဖြစ်ပါက ကုမ္ပဏီ ၏ ကိုယ်စားလှယ်၊ အတွင်းရေးမှူး၊ အထွေထွေမန်နေဂျာ  (သို့) မန်နေဂျာ မှ  လက်မှတ်ရေးထိုးရမည်။
- အစိုးရ အဖွဲ့အစည်းဖြစ်ပါက၊ စီမံရေးရာ(သို့) ငွေစာရင်းဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးမှ လက်မှတ်ရေးထိုးရမည်။

မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။